JOINT PEACE FUND

# ပူးပေါင်းငြိမ်းချမ်းရေးရန်ပုံငွေ အဆိုပြုလွှာများခေါ်ယူခြင်း<br>အမေးနှင့် အဖြေများ

---

## ယေဘုယျမေးခွန်းများ

**အဆိုပြုလွှာအနှစ်ချုပ်များ နောက်ဆုံးထား တင်သွင်းရန် သတ်မှတ်ထားသည့် ရက်စွဲရှိပါသလား။**
မရှိပါ။ အချိန်အတိုင်းအတာတစ်ခုအထိ ရန်ပုံငွေဆက်လက် ဖွင့်လှစ် ခေါ်ယူသွားမည်။ သို့သော်လည်း ရန်ပုံငွေထောက်ပံ့မှု အဆုံးအဖြတ်များမှာ အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မဟာဗျူဟာ ဦးစားပေးနှင့် လိုအပ်ချက်များပေါ် မူတည်ပုံဖော်သွားမည်ဖြစ်သည်။
ထို့ကြောင့် အဖွဲ့အစည်းများအနေဖြင့် စောစောလျှောက်လွှာတင်သွင်းလေလေ မြန်မြန်အကဲဖြတ်ခံရမှုကို ရရှိလေဖြစ်သည်။ ပူးပေါင်းရန်ပုံငွေအနေဖြင့် အဆိုပြုလွှာအနှစ်ချုပ်များခေါ်ယူသည့် နေ့စွဲမှ တစ်လအကြာတွင် အကဲဖြတ်လုပ်ငန်းများကို စတင်ဆောင်ရွက်သွားမည်။

**လျှောက်လွှာ၏ ရလာဒ်ကို မည်သည့်အချိန်တွင် သိရှိနိုင်မည်နည်း။**
JPF အနေဖြင့် လျှောက်လွှာရရှိသည့်နေ့မှ ခြောက်ပတ်အတွင်း ဆက်သွယ်အကြောင်းပြန်ကြားသွားမည်။

**အဖွဲ့အစည်း အရေအတွက် မည်မျှကို ရန်ပုံငွေ ထောက်ပံ့သွားမည်နည်း။**
JPF အနေဖြင့် အရေအတွက်မည်မျှဟု သတ်မှတ်ထားခြင်းမရှိပါ။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ မဟာဗျူဟာဦးစားပေးမှုများနှင့် ဘတ်ဂျက်ရှိသရွေ့ အပေါ် မူတည်ပေးအပ်သွားမည်။

**ကျွန်ုပ်၏ စီမံချက်အနေဖြင့် လုပ်ငန်းအစီအစဉ်နယ်ပယ် တစ်ခုထက် ကျော်လွန် အကျုံးဝင်နေပါက မည်ကဲ့သို့ဖြစ်နိုင်သနည်း။**
လုပ်ငန်းအစီအစဉ်နယ်ပယ် တစ်ခုထက် ကျော်လွန် အဆိုပြု လျှောက်ထားရန် ကြိုဆိုပါသည်။

**လျှောက်လွှာများကို မြန်မာဘာသာဖြင့် ပေးပို့နိုင်ပါသလား။**
အင်္ဂလိပ် သို့မဟုတ် မြန်မာဘာသာဖြင့် နှစ်သက်သလို ပေးပို့နိုင်ပါသည်။

**ကျွန်ုပ်တို့၏ လျှောက်လွှာတင်သွင်းမှုအတွက် မည်သည့်စံနှုန်းကို အသုံးပြုသင့်ပါသနည်း။**
အပိုဒ်ခွဲ ၁.၄၊ ၁.၅နှင့် ၁.၆ များတွင် လျှောက်လွှာတင်သွင်းမှု ပြင်ဆင်ရန်အတွက် လမ်းညွှန်ချက်များ ပါရှိပါသည်။ ပူးပေါင်းရန်ပုံငွေ ဝက်ဘ်ဆိုက်၏ "လုပ်ငန်းအစီအစဉ်စံနှုန်းများ" ခေါင်းစဉ်အောက်တွင်လည်း ကြည့်ရှုနိုင်ပါသည်။

**အဆိုပြုလွှာအနှစ်ချုပ်များကို မည်ကဲ့သို့ အကဲဖြတ်မည်နည်း။**
လမ်းညွှန်ချက် အပိုဒ်ခွဲ ၂.၄တွင် ဖော်ပြထားသည့် စံနှုန်းများအတိုင်း အကဲဖြတ်သွားမည်။

**စီမံချက်သက်တမ်းများ မည်မျှကြာနိုင်ပါသနည်း။**
အဆိုပြုလျှောက်လွှာအနေဖြင့် မည်သည့်လုပ်ငန်းအစီအစဉ်နယ်ပယ်အောက်တွင် ကျရောက်သည်ဟူသည့် အချက်ပေါ် မူတည်ပါသည်။ လမ်းညွှန်ချက်များမှ အပိုဒ်ခွဲ ၁.၅ ကိုကြည့်ရှုပါ။

## ဘဏ္ဍာရေးနှင့် ရန်ပုံငွေထောက်ပံ့မှု မေးခွန်းများ

**လျှောက်ထားနိုင်သည့် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရန်ပုံငွေပမာဏမှာ အဘယ်နည်း။**
အဆိုပြုလျှောက်လွှာအနေဖြင့် မည်သည့်လုပ်ငန်းအစီအစဉ်နယ်ပယ်အောက်တွင် ကျရောက်သည်ဟူသည့် အချက်ပေါ် မူတည်ပါသည်။ လမ်းညွှန်ချက်များမှ အပိုဒ်ခွဲ ၁.၅ ကိုကြည့်ရှုပါ။

အဆိုပြုလျှောက်လွှာသည် လုပ်ငန်းအစီအစဉ်နယ်ပယ် တစ်ခုထက် ကျော်လွန်နေပါက အနိမ့်ဆုံး သို့မဟုတ် အမြင့်ဆုံးပမာဏကို အဆင့်တစ် အဆိုပြုလွှာအနှစ်ချုပ်နှင့် အဆင့်တစ် အောင်မြင်ပြီးပါက လျှောက်ထားရမည့် အဆင့်နှစ် အဆိုပြုလွှာအပြည့်အစုံတွင် အကြံပြုထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များပေါ် မူတည်သုံးသပ်သွားမည် ဖြစ်သည်။

**JPF သည် ရန်ပုံငွေထောက်ပံ့မှုသာ ပြုလုပ်ပါသလား သို့မဟုတ် နည်းပညာအကူအညီရော ပေးအပ်ပါသလား။**
JPF ကို ငွေကြေးထောက်ပံ့မှုသာမက လျှောက်ထားသည့် အဖွဲ့အစည်း၏ အားသာချက်၊ အရည်အသွေးများနှင့် ဆက်စပ်မှုတို့အပေါ် မူတည်လျက် သင့်လျော်သည့် နည်းပညာနှင့် အကြံဉာဏ်ပံ့ပိုးမှုများပါ ပေးအပ်ရန် တည်ထောင်ထားပါသည်။ ပထမအဆင့် အဆိုပြုလွှာအနှစ်ချုပ်လျှောက်ထားမှု အောင်မြင်ပြီး ဒုတိယအဆင့် အဆိုပြုလွှာအပြည့်အစုံလျှောက်ထားရန် လိုအပ်သည့်အခါမှသာ ပူးပေါင်းရန်ပုံငွေ နည်းပညာအစုအဖွဲ့မှ ထပ်မံ ဆက်သွယ် အကြောင်းကြားမည်ဖြစ်သည်။

**စီမံခန့်ခွဲမှုကုန်ကျစရိတ်အနေဖြင့် လျှောက်လွှာတွင် မည်ကဲ့သို့ထည့်သွင်းရမည်နည်း။**
အသေးစားထောက်ပံ့မှုများ (အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀အောက်) အတွက် အဆိုပြုလျှောက်ထားငွေ၏ ၅ရာခိုင်နှုန်းကို စီမံခန့်ခွဲမှုကုန်ကျစရိတ်အဖြစ် တောင်းခံနိုင်သည်။ အကြီးစားထောက်ပံ့မှုများ (အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀အထက်) ကိုမူ ၅.၅ရာခိုင်နှုန်းအထိ တောင်းခံနိုင်ပါသည်။

## လျှောက်ထားနိုင်မှုစံနှုန်းများ

**မည်သူမှ လျှောက်ထားနိုင်သနည်း။**
လမ်းညွှန်ချက်များမှ အပိုဒ်ခွဲ ၂.၁အောက်တွင် လျှောက်ထားနိုင်မည့် စံနှုန်းများကို ဖော်ပြထားပါသည်။

**မြန်မာပြည်တွင် မှတ်ပုံတင်မထားသော်လည်း အခြေကျ လုပ်ဆောင်လျှက်ရှိသည့် နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်း အနေဖြင့် လျှောက်ထားနိုင်ပါသလား။**
မြန်မာပြည်တွင် မှတ်ပုံတင်မထားသည့် အဖွဲ့အစည်းအနေဖြင့် လျှောက်ထားနိုင်ပါသည်။ သို့သော်လည်း ပူးပေါင်းငြိမ်းချမ်းရေးရန်ပုံငွေသည် မြန်မာပြည်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆောင်ရွက်လျှက်ရှိသည့် ပြည်တွင်းနေ အဖွဲ့အစည်းများနှင့် ပြည်တွင်းမှမိတ်ဖက်အဖွဲ့ အစည်းများကိုသာ အဓိကကူညီပံ့ပိုးရန် တည်ထောင်ထားခြင်းဖြစ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လျှောက်ထားရာတွင် ပြည်တွင်းအဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ခိုင်ခိုင်မာမာရှိကြောင်း ဖော်ပြနိုင်ပြီး အဘယ့်ကြောင့် အဆိုပြုလုပ်ငန်းများကို ပြည်တွင်းအဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် မဆောင်ရွက်နိုင်ကြောင်း ကြောင်းကျိုးဖော်ပြရမည်။

**မှတ်ပုံမတင်ထားသည့် ဒေသခံအစိုးရမဟုတ်သည့် အဖွဲ့အစည်းအနေဖြင့် လျှောက်ထားနိုင်ပါသလား။**
မှတ်ပုံမတင်ထားသည့် ဒေသခံအစိုးရမဟုတ်သည့် အဖွဲ့အစည်းအနေဖြင့်လည်း လျှောက်ထားနိုင်ပါသည်။

**အဆိုပြုလွှာအနှစ်ချုပ်နှင့်ပတ်သတ်သည့် မေးခွန်း သို့မဟုတ် သိရှိလိုသည်များအတွက် မည်သူ့ကို ဆက်သွယ်နိုင်ပါသနည်း။**
သိရှိလိုသည်များကို ask@jointpeacefund.org သို့ မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ပေးပို့မေးမြန်းနိုင်ပါသည်။

# နိုဝင်ဘာ ၁၆၊ ၂၀၁၆ တွင်ကျင်းပခဲ့သည့် သတင်းအချက်အလက်မျှဝေမှုဆက်ရှင်မှ အမေး၊ အဖြေများ

**၁။ ရန်ပုံငွေလျှောက်ထားမည့် အဖွဲ့အစည်းအနေဖြင့် တရားဝင်မှတ်ပုံတင်ထားရန် လိုအပ်ပါသလား။**
မလိုအပ်ပါ။ JPFအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားကောင်းစေမည့် စီမံချက်များကိုပံ့ပိုးရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ စီမံချက်တစ်ခုခြင်းစီ၏ အန္တရယ်ဖြစ်နိုင်ချေများကို ဂရုပြုမည်ဖြစ်သော်လည်း အကျိုးကျေးဇူးနှင့် အန္တရာယ်ကို ချိန်ဆပြီး အကြောင်းအရာတစ်ခုခြင်းဆီအပေါ် မူတည်ဆုံးဖြတ်သွားမည်ဖြစ်သည်။

**၂။ တစ်နှစ်လျှင် လျှောက်ထားနိုင်သည့် ရန်ပုံငွေကန့်သတ်ချက်ရှိပါသလား။**
မူဝါဒအားဖြင့် သတ်မှတ်ထားခြင်းမရှိပါ။ အဆိုပြုလုပ်ငန်းစဉ် အကောင်အထည်ဖော်ရန်အတွက် လျှောက်ထားငွေကို အဖွဲ့အစည်း၏ စွမ်းဆောင်ရည်နှင့် တိုက်ဆိုင်စစ်ဆေးသုံးသပ်မည်ဖြစ်သည်။ သို့သော် လည်း စီမံကိန်းနယ်ပယ်တစ်ခုစီအတွက် ခန့်မှန်းထောက်ပံ့ငွေကို *ကနဦးအဆိုပြုလွှာလမ်းညွှန်ချက်* ကို www.jointpeacefundmm.org မှ လျှောက်ထားရန်ဟူသည့် စာမျက်နှာတွင်ဖော်ပြထားသည်။

**၃။ တစ်ကြိမ်ခြင်းပြုလုပ်သည့် လုပ်ဆောင်ချက်များကိုရော ရန်ပုံငွေပေးအပ်ပါသလား။**
မူအားဖြင့် တစ်ကြိမ်ခြင်းပြုလုပ်သည့် လုပ်ငန်းများကိုလဲ ရန်ပုံငွေပေးအပ်ပါသည်။ ဒေါ်လာတစ်သိန်း အောက်ဆိုပါက အသေးစားထောက်ပံ့မှုအနေဖြင့် အကျုံးဝင်မည်ဖြစ်ပြီး JPF နည်းပညာအစုအဖွဲ့နှင့် စာချုပ်ချုပ်ဆိုကာ ထောက်ပံ့ငွေရယူနိုင်မည်ဖြစ်သည်။ ဒေါ်လာတစ်သိန်းအထက် ထောက်ပံ့ငွေများအတွက် JPF ၏ အကျိုးဆောင်နှင့် ကန်ထရိုက်စာချုပ်မန်နေဂျာဖြစ်သူ UNOPS နှင့် လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ တစ်ကြိမ်ခြင်းပြုလုပ်သည့် လုပ်ဆောင်ချက်များအတွက် ထောက်ပံ့ရန် ကုန်ကျစရိတ်မှာ ပို၍မြင့်မားသော်လည်း မဖြစ်နိုင်သည့်အရာမဟုတ်ပါ။ သို့သော် JPF အနေဖြင့် ထိုကဲ့သို့ထောက်ပံ့မှုများပြုလုပ်ရန် အဓိကစဉ်းစားမည့် အချက်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မည်မျှအကျိုးဖြစ်ထွန်းနိုင်သနည်းဟူ၍ဖြစ်သည်။ ရန်ပုံငွေ ထောက်ပံ့ရန် ဆုံးဖြတ်ချက်များကိုမူ ရန်ပုံငွေဘုတ်အဖွဲ့မှ ထောက်ခံသဘောတူညီမှသာ ပြုလုပ်နိုင်မည်ဖြစ်သည်။

**၄။ JPF အနေဖြင့် ပြည်သူ့စစ်ကဲ့သို့သော အလွတ်သဘောလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် အဖွဲ့အစည်းများကို ထောက်ပံ့မှုများ ပြုလုပ်နိုင်ပါသလား။**
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှုပ်ထွေးပါသည်။ မူအားဖြင့် ထောက်ပံ့နိုင်ပါသည်။ JPF အနေဖြင့် အကြောင်း အရာ တစ်မျိုးခြင်းစီအပေါ် မူတည် ဆုံးဖြတ်သွားမည်ဖြစ်ပြီး အဓိကအချက်မှာ ၎င်းလုပ်ဆောင်ချက်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်ကဲ့သို့ ပံ့ပိုးပေးသွားမည်၊ မည်သည့် အန္တရယ်ကျရောက်နိုင်ခြေနှင့် အပျက် သဘောဆောင်သည့် အကျိုးဆက်များကျရောက်နိုင်သည်တို့အပေါ် မူတည် စဉ်းစားမည်ဖြစ်သည်။

**၅။ JPF တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထဲထဲဝင်ဝင်နားလည်သည့် ဝန်ထမ်းများအား ခန့်အပ်ထားပါသလား။**
JPF မှ တာဝန်ခန့်အပ်ထားသည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံတကာဝန်ထမ်းများမှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို ကောင်းစွာ သဘောပေါက်နားလည်ပါသည်။ အချို့မှာ အခြားနိုင်ငံများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှ နှိုင်းယှဉ်နိုင်သည့် အတွေ့အကြုံများကိုလည်း ယူဆောင်လာပါသည်။ သို့သော်လည်း ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ဟူသည်မှာ သိပ္ပံနည်းကျအရာတစ်ခုမဟုတ်သည့်အတွက် ကျိုးနွံစွာဖြင့် ဆက်လက်လေ့လာ လျက်ရှိပါသည်။

**၆။ ၎င်းတို့အနေဖြင့် ရန်ပုံငွေထောက်ပံ့မှုနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များတွင် မည်ကဲ့သို့ပါဝင် မည်နည်း။**
JPFအနေဖြင့် ကနဦးအဆိုပြုလွှာများကို လက်ခံပြီး ဝက်ဘ်ဆိုက်နှင့် ကနဦးအဆိုပြုလွှာလမ်းညွှန်ချက်တွင် ဖော်ပြထားသည့် စံသတ်မှတ်ချက်များအပေါ် မူတည်အကဲဖြတ်မည်ဖြစ်ပါသည်။ ရုံးတွင်းကော်မတီတစ်ရပ် ဖွဲ့စည်းပြီး အဆိုပြုလွှာတစ်ခုချင်းစီကို သတ်မှတ်ထားသည့် စံနှုန်းများအပေါ် မူတည် အကဲဖြတ်မည်ဖြစ်ပါသည်။ ဒုတိယအဆင့်သို့ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကို ရန်ပုံငွေဘုတ်အဖွဲ့၏ သဘောတူညီမှု ဦးစွာ ပေးပို့ရယူမည်ဖြစ်သည်။

**၇။ မည်သည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများကို ဦးစားပေးသွားမည်နည်း။**
နောင်တွင် ရှိကောင်းရှိမည်ဖြစ်သော်လည်း ယခုလောလောဆယ်တွင်မူ ဦးစားပေး ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးဟူ၍ မရှိပါ။ အချို့ထောက်ပံ့မှုများမှာ ပြည်ထောင်စုအဆင့်ဖြစ်ပြီး အချို့လုပ်ငန်းစဉ်များ (ဥပမာ အမျိုးသားဆွေးနွေးပွဲများ) မှာမူ တစ်နိုင်ငံလုံး အတိုင်းအတာဖြစ်သည်။ အချို့စီမံချက်များမှာ သိရှိပြီးသားအချက်အလက်များပေါ်တွင်သာ အခြေခံမည်ဖြစ်ပြီး နေရာဒေသနှင့် ပတ်သတ်ဆက်နွယ်မှုမရှိပါ။ စီမံချက်များကို ရွေးချယ်ရာတွင် အဓိကအကြောင်းအရာနှင့် ပတ်ဝန်းကျင်အနေအထားတို့နှင့် မည်ကဲ့သို့ ဆက်နွယ်လျှက်ရှိသည်ကို စစ်ဆေးသွားမည်ဖြစ်သည်။ JPF ၏ သုတေသနနှင့် ဆန်းသစ်တီထွင်မှုအပိုင်းမှ လည်း ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသခံအဆင့်အသီးသီးတွင် လူအများအပေါ် ပဋိပက္ခ၏ အကျိုးသက် ရောက်မှုကို ပြီးပြည့်စုံစွာ နားလည်သဘောပေါက်စေမည်ဖြစ်သည်။ ထိုသဘောပေါက်နားလည်မှုကလည်း ကျွန်ုပ်တို့ စဉ်းစားတွေးခေါ်ရာတွင် လမ်းညွှန်မှုပေးမည်ဖြစ်သည်။

**၈။ ကုလသမဂ္ဂအဖွဲ့အစည်းမှလည်း ရန်ပုံငွေလျှောက်ထားနိုင်ပါသလား။**
မူအားဖြင့်လျှောက်ထားနိုင်သော်လည်း ပြည်တွင်းအဖွဲ့အစည်းများကို ပို၍ဦးစားပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့ဘက်မှ မေးမည့်မေးခွန်းမှာ ပြည်တွင်းအဖွဲ့အစည်းမှ မည်သည့်အတွက်ကြောင့် လုပ်ဆောင်ခြင်းမပြုနိုင်သ နည်းဟူ၍ဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် အခြားရန်ပုံငွေအဖွဲ့အစည်းများစွာကို လွယ်လင့်တကူလက်လှမ်းမီသော်လည်း ပြည်တွင်းအဖွဲ့အစည်းအတော်များများမှာမူ များသောအားဖြင့် လမ်းလှမ်းမီနိုင်မှု နည်းပါးပါသည်။ ထို့အတွက်ကြောင့် စီမံကိန်းများအကောင်အထည်ဖော်ရန် ကုလသမဂ္ဂ အဖွဲ့အစည်းများကို ဦးစားပေးမည်မဟုတ်ပါ။ ထိုအချက်မှာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်း များနှင့် အလုပ်တွဲလုပ်မည်မဟုတ်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ထိုကဲ့သို့လက်တွဲလုပ်ဆောင်ရန် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်မှုက မည်ကဲ့သို့သော တန်ဖိုးမြင့်တက်စေသည့် အကြောင်းရင်းရှိသည်ဟူသည့် အချက်ကို အဓိကပေါ်လွင်စွာ တင်ပြနိုင်ရန်သာဖြစ်သည်။

**၉ ။ ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အစိုးရနှင့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်ပါက ထည့်သွင်းစဉ်းစား မှုပြုပါမည်လား။**
အကြောင်းအရာတစ်ခုချင်းအပေါ်တွင် စဉ်းစားသုံးသပ်မှုပြုလုပ်သွားမည်ဖြစ်သည်။

**၁၀။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟု ဆိုရာတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် သို့မဟုတ် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်သည့် အဖွဲ့အစည်းများကိုသာ ဆိုလိုပါသလား။**
JPF အနေဖြင့် တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပံ့ပိုးရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမှာ မြန်မာနိုင်ငံရှိငြိမ်းချမ်းရေး ကျယ်ကျယ်ပြန့်ပြန့်တည်ဆောက်မှုတွင် အဓိကကျသည်ဟု ယုံကြည် သောကြောင့်ဖြစ်ပါသည်။ သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ခံနိုင်ရည်ရှိရန်မှာ လူမှုအသိုက်အဝန်းတစ်ခုလုံးမှ အသံမျိုးစုံပါဝင်ရန်လိုအပ်ပါသည်။ တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေ ဖြင့် လူနည်းစုအဖွဲ့အစည်းများမှ အသံများပိုမိုပါဝင်လာအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသည်မှာ ခေါင်းဆောင်ပိုင်းတွင်သာမကဘဲ ညှိနှိုင်းခြင်းမှသည် အပြန်အလှန် သဘောတူညီမှုသို့သွားရသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထို့ကြောင့် JPF အနေဖြင့် တရားဝင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပြင် ၎င်းထက်ကျော်လွန်သော လုပ်ငန်းများကိုပါ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

**၁၁။ အစိုးရနှင့် JPFကြားမှ ဆက်ဆံရေး မည်သို့ရှိသနည်း။**
JPF အနေဖြင့် အစိုးရသာမက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများအားလုံးနှင့် အနီးကပ်ဆောင်ရွက်လျှက်ရှိကာ အားလုံးနှင့် ထင်သာမြင်သာ ပွင့်လင်းစွာ လုပ်ဆောင်လျှက်ရှိပါသည်။

**၁၂။ JPF နှင့် အလုပ်တွဲလုပ်မည့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မည်ကဲ့သို့သော အကျိုးကျေးဇူးများ ရရှိနိုင်မည်နည်း။**
JPF အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်မှုအပိုင်းတွင် ဝမ်းမြောက်စွာဖြင့်ပံ့ပိုးပေးလို ပါသည်။

**၁၃။ လူထုပါဝင်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကဲ့သို့သော ကိစ္စရပ်များတွင် အစိုးရပိုင်းမှ လူထု၏အသံကို ကြားနာရန် JPF အနေဖြင့် မည်ကဲ့သို့ကူညီနိုင်သနည်း။**

JPF အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီး၊ လူငယ်နှင့် အရပ်အဖက်အဖွဲ့အစည်းများအပါအဝင် အကျိုးပါဝင်ဆောင်ရွက်သူအများအပြား ပါဝင်မှုကို အထူးအလေးပေးပါသည်။ လုပ်ငန်းအစီအစဉ်ခေါင်းစဉ် အမျိုးမျိုးအောက်တွင် မတူညီသောအကျိုးဆောင်ရွက်သူအသီးသီးကို ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ အကျိုးပါဝင်ဆောင်ရွက်သူများကို အတူတကွစုစည်းပေးမည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးရန်လည်း ရည်ရွယ်ပါသည်။

**၁၄။ စီမံချက်တစ်ခုကို ပံ့ပိုးသည့်အခါ အကျိုးခံစားရသူအရေအတွက်ကို ထည့်သွင်းစဉ်းစားပါသလား။**

အဆိုပြုလွှာများ လက်ခံရရှိပြီးနောက် အကဲဖြတ်သည့်အခါ အကျိုးခံစားရသူအရေအတွက်ကို သီးခြား ကြည့်ရှုလေ့မရှိပါ။ မူဝါဒ၊ သုံးသပ်ချက်၊ အကျိုးပါဝင်ဆောင်ရွက်သူများနှင့် ဆက်နွယ်မှုများမှာ ပိုမိုအရေး ကြီးပါသည်။ သို့သော်လည်း အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ပံ့ပိုးပေးခြင်းနှင့် စီမံချက်ပိုင်းဆိုင်ရာ စောင့်ကြည့်လေ့လာ အကဲဖြတ်သုံးသပ်မှုပိုင်းများ ပါဝင်မှုကို ကြည့်ရှုပါသည်။

**၁၅။ စီမံကိန်း (Programmatic) အပိုင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ချက် (Operational) အပိုင်းကုန်ကျစရိတ်များကိုရော မည်ကဲ့သို့ခွဲခြားထားပါသနည်း။**

စီမံချက်၏ အရွယ်အစားပေါ်မူတည်ပြီး စီမံခန့်ခွဲမှုစရိတ်ကို ၅ရာခိုင်နှုန်း သို့မဟုတ် ၅.၅ရာခိုင်နှုန်းဟူ၍ ခွင့်ပြုထားပါသည်။ ဒေါ်လာတစ်သိန်းအောက် စီမံချက်များအတွက် ၅ရာခိုင်နှုန်းဖြစ်ပြီး ဒေါ်လာတစ်သိန်း အထက်စီမံချက်များအတွက်မူ ၅.၅ရာခိုင်နှုန်းဖြစ်ပါသည်။ ၎င်းကို ဝက်ဘ်ဆိုက်ပေါ်မှ အမေးအဖြေကဏ္ဍနှင့် *အဆိုပြုလွှာခေါ်ယူခြင်း လမ်းညွှန်ချက်* တွင်လည်း ဖော်ပြထားပါသည်။

**၁၆။ အဖွဲ့အစည်းတစ်ဖွဲ့အနေဖြင့် ဥပမာ ကချင်နှင့် အရှေ့တောင်ဘက်ပိုင်း နေရာနှစ်နေရာတွင် လုပ်ငန်း လုပ်ဆောင်နေပါက အဆိုပြုလွှာတစ်ခုထက်ပို၍ တင်သွင်းနိုင်ပါသလား။**

တင်သွင်းနိုင်ပါသည်။ သို့သော် စီမံချက်တစ်ခုတည်းကို နှစ်ပိုင်းခွဲ၍ ရန်ပုံငွေလျှောက်ထားခြင်းမျိုးအား လိုလားမှုမရှိပါ။

**၁၇။ ရန်ပုံငွေထောက်ပံ့မှုရရှိရန် အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ဖွဲ့အနေဖြင့် ကောင်းစွာလည်ပတ်ထားပြီး ဖြစ်ရန် လိုအပ်ပါသလား။**

အရပ်ဖက်အဖွဲ့အစည်းတစ်ဖွဲ့အနေဖြင့် ခိုင်မာသောသမိုင်းကြောင်းထက် ရန်ပုံငွေကောင်းစွာစီမံခန့်ခွဲနိုင် ကြောင်း ပြသရန် ပိုမိုအရေးကြီးပါသည်။ အတွေ့အကြုံနည်းပါးသည့် အဖွဲ့အစည်းများအနေဖြင့် ထိုကဲ့သို့ ကောင်းကောင်းပြသရန် အခက်အခဲရှိနိုင်ပါသည်။ သို့သော် အဖွဲ့အစည်းအသစ်များကိုလဲ တံခါးဖွင့်ကြိုဆို လျက်ရှိပါသည်။

**၁၈။ အခြားလူမှုအဖွဲ့အစည်းများနှင့်တွဲဖက်လုပ်ဆောင်ကာ ရန်ပုံငွေတစ်ဆင့်ပြန်လည်ချပေး (Sub-granting) ခြင်းမျိုးကို ခွင့်ပြုပါသလား။**

ခွင့်ပြုပါသည်။ သို့သော် စီမံခန့်ခွဲမှုစရိတ်ကို တစ်ခါသာ တောင်းခံနိုင်မည်ဖြစ်သည်။ ရန်ပုံငွေအဓိကရရှိသူ (Principal recipient)၊ တစ်ဆင့်ပြန်လည်ရရှိသူ (Sub-recipient) ဟူ၍ တောင်းခံနိုင်မည်မဟုတ်ပါ။

**၁၉ ။ ရန်ပုံငွေဘုတ်အဖွဲ့ကို စွမ်းရည်ရှိကြောင်းပြသရန် အင်မတန်အကန့်အသတ်ရှိသည့် အလားအလာ ရှိသည့်မိတ်ဖက်အဖွဲ့များကို JPFအနေဖြင့် မည်ကဲ့သို့ပံ့ပိုးကူညီနိုင်ပါသနည်း။**

အလှူရှင်အဖွဲ့အစည်းများမှ JPF ကို အဆင့်အသီးသီးတွင် လုပ်ဆောင်စေလိုပြီး ကျွန်ုပ်တို့အနေဖြင့်လည်း အသေးစားရန်ပုံငွေထောက်ပံ့မှုများ ပြုလုပ်ပါသည်။ ထောက်ပံ့ရမည့်ငွေ မြင့်မားလေလေ မေးမြန်းမှု၊ စစ်ဆေးမှုနှင့် စာရွက်စာတမ်းပံ့ပိုးပေးရမှု အဆင့်များ ပိုမိုများပြားလေဖြစ်ပါသည်။ ကနဦးအဆိုပြုလွှာခေါ်ယူ သည့်အဆင့်တွင် အကြံဉာဏ်ကောင်းများကိုသာ ရှာဖွေခြင်းဖြစ်ပါသည်။ အမှန်တကယ်ကောင်းမွန်သည့် စိတ်ကူးစိတ်သန်းများဖြစ်ပါက ရန်ပုံငွေဘုတ်အဖွဲ့ဆီသို့ခေါ်ဆောင်သွားရန် လိုအပ်သည့်အဆင့်အသီးသီးကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။

**၂၀။ ရန်ပုံငွေဘုတ်အဖွဲ့၏ အခန်းကဏ္ဍ၊ အဖွဲ့ဝင်များ၊ ဖွဲ့စည်းပုံနှင့် အစည်းအဝေးများကျင်းပမှုမှာ မည်ကဲ့သို့ရှိပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်များကို မိတ်ဖက်များ/အကျိုးပါဝင်ဆောင်ရွက်သူများ ထံသို့မည်ကဲ့သို့ ဆက်သွယ်ပေးပို့ပါသနည်း။**

ရန်ပုံငွေဘုတ်အဖွဲ့အနေဖြင့် တစ်လတစ်ကြိမ်တွေ့ဆုံပါသည်။ JPF အနေဖြင့် ကနဦးအဆိုပြုလွှာများကို အကဲဖြတ်ပြီး ရန်ပုံငွေဘုတ်အဖွဲ့ထံသို့ အတည်ပြုချက်ရယူရန် ယူဆောင်သွားပါသည်။ ၎င်းတို့အတည်ပြု ပြီးမှသာလျှင် အဆိုပြုလွှာအပြည့်အစုံအဖြစ် လျှောက်ထားရာတွင် လိုအပ်ပါက ပံ့ပိုးမှုများ ပြုလုပ်သွားမည်။
အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သတင်း အချက်အလက်နှင့် ဆက်သွယ်မှုအတွက် အရေးပါမည့် အမျိုးသားညီနှိုင်းရေးတည်ဆောက်မှုတစ်ရပ်ကို စဉ်းစားလျက်ရှိပါသည်။ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (Joint Coordination Body)မှ ရန်ပုံငွေဘုတ်အဖွဲ့နှင့် JPF အတွက် မဟာဗျူဟာအဆင့် လမ်းညွှန်ချက်များ ပေးအပ်သွားမည်။

**၂၁။ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် လိုအပ်ချက်စံနှုန်းများမှာ နိုင်ငံတကာအဖွဲ့အစည်းများအတွက် လွယ်ကူမှုရှိသော်လည်း ပြည်တွင်းဒေသခံအဖွဲ့များအတွက် ခက်ခဲနိုင်ပါသည်။ ထို့အတွက်ကြောင့် မည်သည့်ရာခိုင်နှုန်းကိုမည်သူ့အတွက်ဟူ၍ လျာထားချက်များ ရှိပါသလား။**
မရှိပါ။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ပြည်တွင်းအဖွဲ့အစည်းများကိုသာ အဓိကပံ့ပိုးလိုသည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများကို ပံ့ပိုးမှုပြုရန် ခိုင်မာသည့်အကြောင်းပြချက် လိုအပ်မည်ဖြစ်သည်။

၂၂။ တစ်နှစ်တွင် ရန်ပုံငွေမည်မျှပေးအပ်မည်၊ အဖွဲ့အစည်းမည်မျှကို ပံ့ပိုးမည်ဟူ၍ သတ်မှတ်ထားချက် ရှိပါသလား။
တရားဝင်ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ချက်မရှိဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူ၍ မရှိနိုင်သည့်အတွက် တရားဝင်ပင်မလုပ်ငန်းစဉ်ကိုသာ ပံ့ပိုးမှုပြုလုပ်ရမည်ဖြစ်သည်။ ကျန်ရှိသည်များကို ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် သုတေသနနှင့် ဆန်းသစ်တီထွင်ခြင်း လုပ်ငန်းများတွင် ပံ့ပိုးသွားမည်။ ၅နှစ်ကျော်သက်တမ်းအတွက် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ဒေါ်လာသန်း ၁၀၀ကျော် ကတိကဝတ်ပြု ထားပြီး ၈၅သန်းကို ပေးအပ်ထားပြီးဖြစ်သည်။
ဦးစားပေးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တိုက်ရိုက်ပံ့ပိုးသည့်လုပ်ငန်းများသို့ အများဆုံးပေးအပ်သွား မည်ဖြစ်ပြီး ကျန်ရှိသည့်ရန်ပုံငွေများကို အထက်ဖော်ပြပါ လုပ်ငန်းစဉ်နှစ်ရပ်တွင် သုံးစွဲသွားမည်။

## JPF သို့အီးမေးလ်ဖြင့် ပေးပို့လာသောမေးခွန်းများနှင့် အဖြေများ

**ကနဦးအဆိုပြုလွှာများတင်သွင်းရန် နောက်ဆုံးသတ်မှတ်ထားသည့်နေ့စွဲရှိပါသလား။**
JPF မှရန်ပုံငွေလျှောက်ထားရန် ခေါ်ယူမှုမှာ ယခုလောလောဆယ်တွင် နောက်ဆုံးသတ်မှတ်ရက်စွဲမရှိဘဲ ဆက်လက်ခေါ်ယူလျက်ရှိပါသည်။

**ကနဦးအဆိုပြုလွှာဖြည့်သွင်းရာတွင် စီမံချက်အကြောင်းအရာဖော်ပြချက်အောက်တွင် လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းသင့်ပါသလား။**
ကျေးဇူးပြု၍ အဆိုပြုလုပ်ငန်းစဉ်အားလုံးကို ၎င်းကဏ္ဍအောက်တွင် ဖော်ပြပေးပါ။

**ကနဦးအဆိုပြုလွှာများ ဖြည့်သွင်းရာတွင် JPF အနေဖြင့် ငွေကြေးနှင့် နည်းပညာပံ့ပိုးမှု ပြုလုပ်နိုင်ပါသလား။ မှတ်ပုံမတင်ရသေးသည့် အဖွဲ့အစည်းများလည်း ထောက်ပံ့ငွေလျှောက်ထားနိုင်ပါသလား။**

ကနဦးအဆိုပြုလွှာအဆင့်တွင်မူ မည်သည့်ပံ့ပိုးမှုမျှ မပြုလုပ်ပေးနိုင်ပါ။ ထိုအဆင့်မှာ စိတ်ကူးစိတ်သန်းများကို စီမံချက်အဆင့်သို့ရောက်ရှိရန် မည်ကဲ့သို့စီမံလုပ်ဆောင်မည်ကို ဖော်ပြခြင်းသာဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့ရန်မလိုအပ်ဘဲ မြန်မာလိုသာ ပေးပို့နိုင်ပါသည်။ ဒုတိယအဆင့် အဆိုပြုလွှာ အပြည့်အစုံ လျှောက်ထားရမည့်အဆင့်သို့ရောက်မှသာ JPFအနေဖြင့် ကူညီပံ့ပိုးမှုများ ပြုလုပ်နိုင်ပါမည်။ မှတ်ပုံမတင်ရသေးသည့် အဖွဲ့အစည်းများလည်း လျှောက်ထားနိုင်ပါသည်။

**လွတ်လပ်သောမီဒီယာအဖွဲ့အစည်းများလည်း ရန်ပုံငွေ လျှောက်ထားနိုင်ပါသလား။**
လျှောက်ထားနိုင်ပါသည်။ ကနဦးအဆိုပြုလွှာတွင် ရေးသားထားသည့် စီမံချက်စိတ်ကူးစိတ်သန်းများ အားလုံးကို ဝက်ဘ်ဆိုက် http://www.jointpeacefund.org/project-funding-criteria.html တွင်လည်း ဖော်ပြထားသည့် စံနှုန်းသတ်မှတ်ချက်များနှင့် ချိန်ထိုးအကဲဖြတ်ပါသည်။

**မြန်မာပြည်ပြင်ပ ဥပမာ- အီရတ် သို့မဟုတ် အာဖရိကမှနိုင်ငံတစ်ခုခု မှ စီမံချက်များအတွက် ကနဦးအဆိုပြုလွှာများ ကိုရော JPFအနေဖြင့် စဉ်းစားမှုပြုပါမည်လား။**
JPF ကို မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ကြာရှည်တည်တံ့မည့် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ပံ့ပိုးရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ စီမံချက်များမှ အဆိုပါရည်မှန်းချက်များကို ပံ့ပိုးရန်လိုအပ်ပါသည်။

**ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းအနေဖြင့် အသေးစားထောက်ပံ့ငွေတစ်မျိုးနှင့် နိုင်ငံတကာအစိုးရမဟုတ် သည့် အဖွဲ့အစည်းနှင့်ပူးပေါင်းကာ အကြီးစားထောက်ပံ့ငွေတစ်မျိုးကို လျှောက်ထားလိုပါသည်။ နှစ်မျိုးစလုံး လျှောက်ထားရန် အကျုံးဝင်ပါသလား။**
လျှောက်လွှာတစ်စောင်ထက်ပို၍ ရန်ပုံငွေထောက်ပံ့ရန် လျှောက်ထားနိုင်ပါသည်။

**ရန်ပုံငွေလျှောက်ထားရန် ထပ်မံသိလိုသည်များကို contact@jointpeacefund.org သို့ ပေးပို့မေးမြန်းနိုင်ပါသည်။**